ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံစာရင်းကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ( ၃ / ၂၀၁၅)
၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်
(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၂၀ ရက်)

**နိုင်ငံခြားတိုင်းပြည်များမှ စာရင်းပညာဆိုင်ရာ လက်မှတ်နှင့် ဘွဲ့ရရှိထားသည့် မြန်မာနိုင်ငံသားများကို လက်မှတ်ရပြည်သူ့စာရင်းကိုင်အဖြစ် မှတ်ပုံတင်ရန်ကိစ္စ**

၁။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဃ) အရ နိုင်ငံခြားတိုင်းပြည်များမှ စာရင်းပညာဆိုင်ရာလက်မှတ်နှင့်ဘွဲ့ရရှိထားသည့် မြန်မာနိုင်ငံသားများအား လက်မှတ်ရပြည်သူ့စာရင်းကိုင်များအဖြစ် မှတ်ပုံတင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ နိုင်ငံခြားတိုင်းပြည်များမှ အောက်ဖော်ပြပါ စာရင်းပညာဆိုင်ရာလက်မှတ် ရရှိထားသည့် မြန်မာနိုင်ငံသားများ လျှောက်ထားနိုင်ပါသည်-

(က) ACCA ၏စာမေးပွဲအားလုံးအောင်မြင်ပြီးသူ
(ခ) CIMA ၏စာမေးပွဲအားလုံးအောင်မြင်ပြီးသူ

၃။ အထက် အပိုဒ် (၂) ပါ လက်မှတ် ရရှိထားသူများသည် လက်မှတ်ရပြည်သူ့စာရင်းကိုင်များအဖြစ် မှတ်ပုံတင်လိုပါက သတ်မှတ်ထားသည့်လျှောက်လွှာပုံစံဖြင့် မြန်မာနိုင်ငံစာရင်းကောင်စီရုံး (အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့) သို့လျှောက်ထားရမည်။

၄။ လျှောက်ထားသူသည် မြန်မာနိုင်ငံစာရင်းကောင်စီကဖွင့်လှစ်သည့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းများတွင်သင်ကြားလျက်ရှိသည့် ပူးတွဲပါ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုရမည်-

(က) Commercial and Industrial Laws

(ခ) Taxation

(ဂ) Practical Auditing I & II

၅။ စာမေးပွဲကို နှစ်စဉ် ဇန်နဝါရီလနှင့် ဇူလိုင်လများ၏ ပထမ ရက်သတ္တပတ်တွင် ကျင်းပမည်ဖြစ်ပါသည်။ စာမေးပွဲကျင်းပမည့်ရက်ကို (၂) လကြိုတင်၍ မြန်မာနိုင်ငံစာရင်းကောင်စီရုံးတွင် ကြေငြာထားမည် ဖြစ်ပါသည်။

၆။ အထက် အပိုဒ် (၄) ပါ ဘာသာရပ်များကိုဖြေဆိုအောင်မြင်ပြီးသူများအား လက်မှတ်ရပြည်သူ့စာရင်းကိုင်(ဒုတိယပိုင်း)သင်တန်းအောင်မြင်ပြီးသူအဖြစ်သတ်မှတ်ပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင်များအဖြစ် မှတ်ပုံတင်ရေးကိစ္စများ ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ခင်စန်းဦး
အတွင်းရေးမှူး

စာအမှတ်၊ မစက/ ၁၁၅/( ၀၉၀ /၂၀၁၅)                                                  ရက်စွဲ၊ ၂၀ - ၂ - ၂၀၁၅

ဖြန့်ဝေခြင်း

ကျော်ငြာသင်ပုန်း

မိတ္တူကို

မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်

ကော်မတီဝင်များ

ဦးဆောင်ညွှန်ကြားရေးမှူး၊ } မြန်မာနိုင်ငံတော်ပြန်တမ်းတွင်ထည့်သွင်းကြေညာပေး

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း } ပါရန်မေတ္တာရပ်ခံချက်ဖြင့်ပေးပို့ပါသည်။

အမိန့်ကြော်ငြာစာတွဲ

ရုံးလက်ခံ

မျှောစာတွဲ